**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

စာအမှတ် ၊ မျိုးစေ့ဥပဒေ/၀၁၃/၂၀၁၈-၁၉/ ၁၂၂၅
ရက်စွဲ ၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

**အကြောင်းအရာ ။ သီးနှံမျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားရန် အကြောင်းကြားခြင်း။**

၁။ မျိုးစေ့လုပ်ငန်းဆောင်ရွက်လျှက်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ ခွင့်ပြုချက်၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် **(၂၀၁၇-၂၀၁၈) (၂၀၁၈-၂၀၁၉) ခုနှစ်အတွင်း** မြန်မာနိုင်ငံအတွင်းရှိမတူညီသောဒေသ(၃) ခုတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းမှု ရှိမရှိကို **စမ်းသပ်စိုက်ပျိုးအဖြေရရှိပြီးသည့်သီးနှံမျိုးသစ်များ၊ Documents အပြည့်အစုံဖြင့်တင်ပြရမည့်သီးနှံမျိုးသစ်များ၊ နှစ်ရှည်သီးနှံများ၊ မိဘမျိုးလိုင်းများကို** မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သီးနှံမျိုးသစ်အဖြစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားရန်အတွက် ယခုပူးတွဲပေးပို့ထားသည့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြရမည့်စာအုပ်ပုံစံ (Format) နှင့်အညီ ပြည့်စုံစွာပြုစု၍ မူရင်း (၁၀) စုံ အပါအဝင် Hard Copy ၂၂ စုံနှင့် Soft Copy (Myanmar 3, Font size 14 ဖြင့်) တို့ကို **ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)** ရုံးချုပ်သို့ **(၂၀.၈.၂၀၁၈) နေ့အရောက် နောက်ဆုံးထား**ပေးပို့ပါရန် ကြိုတင်အကြောင်းကြားပါသည်။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီအစည်းအဝေး ကျင်းပမည့်နေရာနှင့် နေ့ရက်တို့ကို ထပ်မံအသိပေးဖိတ်ကြားမည်ဖြစ်ပါသည်။

၂။ အဆိုပါ မျိုးသစ်များနှင့်ပတ်သက်၍ ဤရုံးမှဖိတ်ကြားမည့်နေ့ရက်တွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ အစည်းအဝေးသို့ မျိုးစေ့နမူနာနှင့်တကွ (Power Point) ဖြင့် လာရောက်ရှင်းလင်းတင်ပြရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားနိုင်ပါရန်နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီမှစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ရာ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီမှ ထုတ်ပေးသော မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့် လိုင်စင်ရရှိပြီးမှသာလျှင် မျိုးစေ့လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(သက်ဇင်မောင်၊အတွင်းရေးမှူး)
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

**..............................ဌာန/ ကုမ္ပဏီ/ အဖွဲ့အစည်း**

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန

ရုံးလက်ခံ/ မျှောစာတွဲ

နေရာဒေသ (၃) ခုၡ် စမ်းသပ်စိုက်ပျိုး၍ အဖြေရရှိပြီးသော (F1 or OP) သီးနှံများအတွက်
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non - GMO Certificate | စိုက်ပျိုးရေးဦးစီးဌာနမှတရားဝင်စစ်ဆေးထားသောလက်မှတ်သာ |
| ၅ | မိဘလိုင်းမှန်ကန်ကြောင်းထောက်ခံချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၆ | မြန်မာနိုင်ငံအတွင်း တရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခွင့် ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူ လက်မှတ်ထိုးဖြင့် |
| ၇ | မြန်မာနိုင်ငံအတွင်းမျိုးစေ့ကြောင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကကုမ္ပဏီမှအပြည့်အဝတာဝန်ယူမည်ဖြစ်ကြောင်းဝန်ခံကတိ | |
| ၈ | စမ်းသပ်စိုက်ပျိုးသည့်သီးနှံများအတွက် အစီရင်ခံစာ<br>- စမ်းသပ်မျိုးများဆိုင်ရာအချက်အလက်နှင့် ဆောင်ရွက်ချက်အကျဉ်းချုပ်<br>- စမ်းသပ်ချက်<br>- တွေ့ရှိချက်များ<br>- စမ်းသပ်ဒေသအသီးသီးတွင် တွေ့ရှိချက်<br>- စိုက်ပျိုးပြုစုမှုမှတ်တမ်း | |
| ၉ | ဓါတ်ပုံမှတ်တမ်းများ( သက်ဆိုင်ရာ စမ်းသပ်မျိုးများ၏ အမည်နှင့်ပူးတွဲဖော်ပြရန်) | |
| ၁၀ | ဖြန့်ဖြူးမည့် မျိုးစေ့အိတ်ခွံ ( ရှေ့ခြမ်း/ နောက်ခြမ်း) ပုံစံ | အိတ်ခွံတွင် မြန်မာစာအညွှန်းပါရမည် |
| ၁၁ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၂ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

Document ဖြင့် တင်ပြမည့် သီးနှံမျိုးသစ်များအတွက် TSC/NSC သို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်များနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါကအပြည့်အဝတာဝန်ယူမည့် ဝန်ခံကတိပြုချက် | |
| ၅ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non-GMO Certificate | စိုက်ပျိုးရေးဦးစီးဌာနမှတရားဝင် စစ်ဆေးထားသောလက်မှတ်သာ |
| ၆ | မိဘလိုင်းမှန်ကန်ကြောင်းထောက်ခံချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူလက်မှတ်ထိုးဖြင့် |
| ၇ | မြန်မာနိုင်ငံအတွင်း တရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခွင့်ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူလက်မှတ်ထိုးဖြင့် |
| ၈ | တင်ပြမည့်သီးနှံမျိုးသစ်၏ (Growth Stage ) အလိုက်ဝိသေသလက္ခဏာများနှင့် ဓါတ်ပုံမှတ်တမ်းများ | |
| ၉ | ဖြန့်ဖြူးမည့် အိတ်ခွံ ( ရှေ့ခြမ်း/ နောက်ခြမ်း) ပုံစံ | အိတ်ခွံတွင် မြန်မာစာအညွှန်းပါရမည် |
| ၁၀ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၁ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

## မိဘလိုင်းမျိုးသစ်များအတွက် TSC/NSC သို့ တင်ပြရမည့်စာအုပ်ပုံစံ

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁ | စာအုပ်မျက်နှာဖုံး | |
| ၂ | နိဒါန်း | |
| ၃ | ရည်ရွယ်ချက် | |
| ၄ | တင်ပြမည့်သီးနှံမျိုးသစ်၏ Non-GMO Certificate | စိုက်ပျိုးရေးဦးစီးဌာနမှတရားဝင်စစ်ဆေးထားသောလက်မှတ်သာ |
| ၅ | မြန်မာနိုင်ငံအတွင်းတရားဝင်မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားခွင့်ပြုကြောင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းစာ/ သဘောတူညီချက် | ရယူခဲ့သောနိုင်ငံမှ အဖွဲ့အစည်း၏ တာဝန်ရှိသူလက်မှတ်ထိုးဖြင့် |
| ၆ | မြန်မာနိုင်ငံအတွင်းမျိုးစေ့ကြောင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကကုမ္ပဏီမှအပြည့်အဝတာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံကတိ | |
| ၇ | မိဘလိုင်းများ၏ဝိသေသလက္ခဏာမူရင်း | တစ်ဖက်နိုင်ငံမှ |
| ၈ | မိဘလိုင်းများ၏ ဝိသေသလက္ခဏာများအား နမူနာပုံစံအတိုင်းဖြည့်စွက်ရန် | |
| ၉ | မိဘမျိုးလိုင်းများ၏ (Growth Stage ) အလိုက်ဓါတ်ပုံမှတ်တမ်းများ | |
| ၁၀ | တင်ပို့မည့် Package ( ရှေ့ခြမ်း/ နောက်ခြမ်း) ပုံစံ | |
| ၁၁ | ကုမ္ပဏီအမှတ်တံဆိပ် | |
| ၁၂ | ကုမ္ပဏီမှတ်ပုံတင်မိတ္တူ | |

**စမ်းသပ်စိုက်ပျိုးရမည့်သီးနှံ (၁၇) မျိုး**

၁။ စပါး

၂။ ပြောင်း

၃။ ပဲတီစိမ်း

၄။ မတ်ပဲ

၅။ ကုလားပဲ

၆။ ပဲစဉ်းငုံ

၇။ မြေပဲ

၈။ နှမ်း

၉။ နေကြာ

၁၀။ ငရုတ်

၁၁။ ခရမ်းချဉ်

၁၂။ ပန်းမုံလာ

၁၃။ ဂေါ်ဖီထုပ်

၁၄။ ဖရဲ

၁၅။ သခွားမွှေး

၁၆။ ဝါ

၁၇။ ရော်ဘာ

(17) Variety of Testing New Variety

1. Paddy
2. Corn
3. Green Gram
4. Black
5. Chick Pea
6. Pigeon Pea
7. Groundnut
8. Sesame
9. Sunflower
10. Pepper
11. Tomato
12. Cauliflower
13. Cabbage
14. Watermelon
15. Melon
16. Cotton
17. Rubber

(၁၇) မျိုးမှ လွဲ၍ ကျန်သောမျိုးများအား Document နှင့်တင်ပြရန်ဖြစ်ပါသည်။